# သတင်းထုတ်ပြန်ချက်

**Ilene Shapiro—Summit ကောင်တီအမှုဆောင်**

ချက်ချင်းထုတ်ပြန်ရန်

**ရက်စွဲ- မတ်လ 29၊ 2023**

**မီဒီယာကိစ္စ ဆက်သွယ်ရန်ပုဂ္ဂိုလ်-** Terri Burns
Summit ကောင်တီ DJFS ၏ ဒါရိုက်တာ
အမှုဆောင် Shapiro ၏ ရုံး
Terri.Burns@JFS.Ohio.gov
330-643-7211

## Summit County Job and Family Services (Summit ကောင်တီ အလုပ်နှင့် မိသားစုဝန်ဆောင်မှုများ) သည် နေထိုင်သူများထံ Medicaid ပြန်လည်ဆုံးဖြတ်ခြင်းဆိုင်ရာ အမေးများသော မေးခွန်းများကို ပံ့ပိုးပေးပါသည်

**SUMMIT ကောင်တီ၊ OHIO**—Summit ကောင်တီ အမှုဆောင် Ilene Shapiro ၏ Department of Job and Family Services (JFS) (အလုပ်နှင့် မိသားစုဝန်ဆောင်မှုများဌာန) သည် ဧပြီလတွင် စတင်ပြီး နောက် 12 လကြာ ဆက်လက်လုပ်ဆောင်ရန် သတ်မှတ်ထားသည့် အစီအစဉ် အရည်အချင်းပြည့်မီမှု ဆုံးဖြတ်ရေးအတွက် ပြည်နယ်ကပြဋ္ဌာန်းထားသော Medicaid ပြန်လည်ဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်အကြောင်း ပိုမိုလေ့လာနိုင်ရန်အလို့ငှာ လက်ရှိ Medicaid ဝန်ဆောင်မှုများ ရယူနေသည့် နေထိုင်သူများအား https://co.summitoh.net/MedicaidUnwinding သို့ ဝင်ရောက်ကြည့်ရှုရန် တိုက်တွန်းအပ်ပါသည်။ 2020 ခုနှစ်မှစ၍ ပြည်နယ်များသည် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် Medicaid သို့မဟုတ် Ohio တွင် Healthy Start Program ဟုသိထားသော Children's Health Insurance Program (CHIP) (ကလေးများ၏ ကျန်းမာရေးအာမခံ အစီအစဉ်) အတွက် အရည်အချင်းပြည့်မီမှုဆိုင်ရာ အဆုံးအဖြတ်များ ပြုလုပ်ရန် မလိုအပ်ခဲ့ပါ။ လာမည့်နှစ်အတွင်း ဤအစီအစဉ်များကို ရယူထားသူများအား အစီအစဉ်အတွက် ၎င်းတို့ဆက်လက်အရည်အချင်းပြည့်မီခြင်းရှိ၊ မရှိ ဆုံးဖြတ်ရန် JFS က ဆက်သွယ်ပါလိမ့်မည်။

"Medicaid ပြန်လည်ဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်က လာမယ့်လမှာ စတင်ပေမဲ့ နောက်နှစ်တောက်လျှောက် ဆက်လုပ်ဆောင်မယ်ဆိုတာကို နေထိုင်သူတွေ သိထားဖို့ အရေးကြီးပြီး ဝန်ဆောင်မှုရယူသူအချို့ကို တခြားလူတွေထက် ပိုစောစီးစွာ ဆက်သွယ်နိုင်ပါတယ်။ ကျွန်ုပ်တို့ရဲ့အဖွဲ့က နေထိုင်သူတွေအနေနဲ့

ဒီလုပ်ငန်းစဉ်အကြောင်းအပြင် သူတို့အပေါ် ဘယ်လိုသက်ရောက်မှုရှိမယ်ဆိုတာနဲ့ ကြိုတင်ပြင်ဆင်ဖို့ သူတို့ဘာလုပ်နိုင်လဲကို နားလည်စေဖို့ အမေးများသော မေးခွန်းများ စာရွက်စာတမ်းကို ရေးသားပြုစုခဲ့ပါတယ်” ဟု ကောင်တီအမှုဆောင် Ilene Shapiro က ပြောခဲ့သည်။ “ဝန်ဆောင်မှုရယူသူတိုင်း လုပ်ဆောင်သင့်တဲ့ ရိုးရှင်းပေမဲ့ အရေးကြီးတဲ့အဆင့်က သူတို့ကို ဆက်သွယ်နိုင်တဲ့ အချက်အလက်တွေကို JFS ဆီမှာ အပ်ဒိတ်ဖြစ်ကြောင်း သေချာစစ်ဆေးဖို့ ဖြစ်ပါတယ်။"

ကောင်တီသည် ဝန်ဆောင်မှုရယူသူများအနေဖြင့် ပြန်လည်ဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်ကို လွယ်ကူစွာ လိုက်လုပ်နိုင်ကြောင်း သေချာစေရန် ၎င်းတို့လိုအပ်မည့် အချက်အလက်များပါရှိသည့် အမေးများသော မေးခွန်းများ စာရွက်စာတမ်း ကို ပံ့ပိုးပေးလျက်ရှိသည်။ ၎င်းတွင် Medicaid သို့မဟုတ် CHIP အတွက် အရည်အချင်းမပြည့်မီနိုင်တော့သည့် ပုဂ္ဂိုလ်များနှင့် မိသားစုများအတွက် Health Insurance Marketplace တွင် လူတိုင်းတတ်နိုင်သော ပြုစုစောင့်ရှောက်မှု အက်ဥပဒေ အစီအစဉ်တစ်ခုကို လျှောက်ထားနည်းအပါအဝင် အချက်အလက်များ ပါရှိသည်။ Medicaid ပြန်လည်ဆုံးဖြတ်ခြင်းနှင့် ပတ်သက်သော လိမ်လည်မှုများအကြောင်းအပြင် သံသယရှိဖွယ်လူတစ်ဦးက ဆက်သွယ်လာပါက အဆိုပါလိမ်လည်မှုများကို တိုင်ကြားနည်းကိုလည်း ဝန်ဆောင်မှုရယူသူများအား သတိပေးထားသည်။ အမေးများသောမေးခွန်းများကို စပိန်၊ နီပေါ၊ မြန်မာ၊ ကရင်နှင့် အာရဗီ ဘာသာစကားတို့ဖြင့် ရရှိနိုင်သည်။

JFS ကျန်းမာရေးကိစ္စမန်နေဂျာများသည် မတ်လ၊ ဧပြီလနှင့် မေလတစ်လျှောက်လုံး Akron-Summit ကောင်တီစာကြည့်တိုက် တည်နေရာအနှံ့တွင် ရှိနေမည်ဖြစ်ကြောင်းကိုလည်း ကောင်တီအမှုဆောင် Shapiro က နေထိုင်သူများအား အသိပေးထားသည်။ ကျန်းမာရေးကိစ္စမန်နေဂျာများသည် နေထိုင်သူများအား အကျိုးခံစားခွင့်အသစ်များ လျှောက်ထားရာတွင် ကူညီပေးနိုင်ပြီး လက်ရှိ ဝန်ဆောင်မှုရယူသူများအနေဖြင့် ၎င်းတို့လက်ခံရရှိရန် အရည်အချင်းပြည့်မီသည့် အကျိုးခံစားခွင့်အားလုံးကို ရရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပေးနိုင်သည်။ ဤအစီအစဉ်နှင့်ပတ်သက်သော နောက်ထပ်အချက်အလက်များကို https://co.summitoh.net/JFSOnsiteCaseManagers တွင် ရနိုင်သည်။

###